# မြန်မာနိုင်ငံ အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ၂၀၂၀-၂၀၂၅

## နောက်ခံအကြောင်းအရာ

**ကမ္ဘာ့စီးပွားရေး လျင်မြန်စွာ အသွင်ကူးပြောင်းလာမှုအတွင်း အာရှနှင့် နိုင်ငံတကာတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပုံစံများ ပြောင်းလဲလာမှုကြောင့် အမျိုးသားပို့ကုန်မဟာဗျူဟာကို လက်ရှိအခြေအနေနှင့် ကိုက်ညီအောင်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ဖော်ဆောင်မှုမပြုရသေးသောကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး အလားအလာများကို အသုံးချ၍ ပို့ကုန်ဖွံ့ဖြိုးရေး ရေရှည်တည်တံ့အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။**

ကမ္ဘာ့ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုများတွင် လက်ရှိတွေ့မြင်နေရမှုများနှင့် မက်ခရိုစီးပွားရေးနှင့် ကုန်သွယ်မှု လေ့လာဆန်းစစ်ချက်များအရ မြန်မာ့ပို့ကုန်တင်ပို့မှုတွင် ဖြေရှင်းဆောင်ရွက်ရန် အရေးကြီးသည့် လက်ရှိနှင့် ထပ်မံပေါ်ပေါက်လာနိုင်သည့် အခက်အခဲများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- **တန်ဖိုးမြင့်ထုတ်ကုန်များ အမျိုးအစားစုံလင်စွာထုတ်လုပ် တင်ပို့ခြင်းနှင့် စျေးကွက်အခြေပြု စိုက်ပျိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန်** သဘာဝသယံဇာတများအပေါ် အခြေခံသည့် လုပ်ငန်းများနှင့် တန်ဖိုးနိမ့်ထုတ်ကုန်များ အပေါ်တွင်သာ အလွန်အကျွံမှီခိုနေခြင်းထက် ပို့ကုန်ကဏ္ဍများကို ပြန်လည်ချိန်ညှိရန် လိုအပ်မည်ဖြစ်သည်။
- **ကုန်စည်တင်ပို့မှုတွင် ကုန်ထုတ်လုပ်ငန်းမှ အမယ်များကို တိုးမြှင့်တင်ပို့ခြင်းနှင့် နည်းပညာဆန်းသစ်ပြီး တန်ဖိုးမြင့် ကုန်စည်များကို တိုးတက်ထုတ်လုပ်လာနိုင်မည်ဆိုပါက** ပြည်တွင်းလုပ်ငန်းများကို ဒေသတွင်းနှင့် ကမ္ဘာ့တန်ဖိုးကွင်းဆက် (value chain) များအတွင်း ဝင်ရောက်ပေါင်းစည်းစေနိုင်မည်ဖြစ်၍ ပို့ကုန်လုပ်ငန်းမှဝင်ငွေ တိုးတက်ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်များပြားလာမည် ဖြစ်သည်။
- **ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာတီထွင်ဆန်းသစ်မှုများ**သည် အထူးသဖြင့် အလယ်အလတ်အဆင့် နည်းပညာ အသုံးပြုထုတ်ကုန်များကို ဦးတည်သည့် ကုန်ထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ရန်အတွက် လိုအပ်လျက်သည်။
- ကုန်စည်တင်ပို့မှုတွင် ဒေသတွင်းနိုင်ငံများအပေါ်တွင်သာ အားထားနေရသေးသည့်အတွက် **စျေးကွက်ချဲ့ထွင်မှုကို တိုးတက်ခိုင်မာအောင် ဆောင်ရွက်သင့်သည်။**
- ပို့ကုန်ဦးဆောင်သည့်ဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာနိုင်ငံ တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ကူညီထောက်ပံ့ပေးရန်အတွက် **ပေါ်ထွန်းစပို့ကုန်ဦးစားပေးကဏ္ဍများအတွက် FDI များ ရရှိရန်**လိုအပ်သည်။
- ပို့ကုန်တင်ပို့မှုထက် တင်သွင်းမှုများနေခြင်းကြောင့် **ကုန်သွယ်မှု လိုငွေပြမှုများပြားလာခြင်းကို လျှော့ချရန်** အရေးကြီးသည်။
- **မြန်မာနိုင်ငံသည်ကမ္ဘာ့ကုန်သွယ်မှုအများဆုံးပြုရာနယ်ပယ်၏ ဗဟိုချက်တွင် တည်ရှိနေ၍ ၎င်း၏ မဟာဗျူဟာကျသောတည်နေရာ**ကြောင့် အကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်ပြီး ကုန်စည် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို တိုးတက်အောင်ပြုလုပ်ခြင်းမှတဆင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကို ကူညီထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

- **ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည်** ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး တည်ငြိမ်စွာတိုးတက်လာစေရန် အထူးသဖြင့် မက်ခရိုစီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲရေး၊ ထုတ်လုပ်မှုစွမ်းရည်များ တိုးမြင့်ရေးနှင့် ပို့ကုန်လုပ်ငန်းများ တိုးတက်လာစေရန်အတွက် အရေးကြီးသည်။

၎င်းတို့ကို ရရှိနိုင်ရန် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ရေးဆွဲခြင်းလုပ်ငန်းစဉ်ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ တွင်စတင်ခဲ့ပြီး အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ပတ်သက်သူ (၁၇၃) ဦးပါဝင်၍ ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ ငါးနှစ်အတွင်းဦးစားပေး ဆောင်ရွက်ရန်များကို ထည့်သွင်းရေးဆွဲထားသည့် မူဘောင်တစ်ခုကိုရရှိနိုင်ရန်နှင့် ပြည်တွင်းပို့ကုန်ကဏ္ဍ၏ ယှဉ်ပြိုင်နိုင်မှုများ အားကောင်းလာစေရန်အတွက် အစိုးရ-ပုဂ္ဂလိက ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပြီး အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ကို ရေးဆွဲသွားမည်ဖြစ်သည်။ အမျိုးသားပို့ကုန်မဟာဗျူဟာကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ MSMEs လုပ်ငန်းများအနေနှင့် အများဆုံးအကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်သည်။

## အမျိုးသားပို့ကုန်မဟာဗျူဟာ မဟာဗျူဟာမြောက် ဆောင်ရွက်မည့် အစီအစဉ်များ

အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ က ပို့ကုန်တင်ပို့မှု တိုးတက်စေရန်အတွက် အမျိုးသားအဆင့်နှင့် ကဏ္ဍအဆင့် အကောင်အထည်ဖော်မှုများကို ဆောင်ရွက်နိုင်ရန် အောက်ပါမဟာဗျူဟာမြောက် အစီအစဉ်များကို အဆိုပြုထားသည် -



**အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ တွင် ဖွံ့ဖြိုးတက်တက်မှုအဆင့်ကွဲပြားသည့်လုပ်ငန်း မျိုးစုံကို ပံ့ပိုးပေးနေသည့် ပို့ကုန်ဖွံ့ဖြိုးရန်အလားအလာရှိသော ဦးစားပေးကဏ္ဍ (၆) ခုကိုထည့်သွင်း သွားမည်ဖြစ်သည်။** အမျိုးသားပို့ကုန်မဟာဗျူဟာအတွက် ကဏ္ဍများရွေးချယ်ခြင်း လုပ်ငန်းစဉ်တွင် အသေးစိတ်လေ့လာဆန်းစစ်ချက်များကို ပြုလုပ်ခဲ့၍ အမျိုးအစားစုံလင်စွာနှင့်တန်ဖိုးထပ်ဆောင်း တိုးမြှင့် ထုတ်လုပ်ခြင်းမှတဆင့် ပို့ကုန်ဦးဆောင်သည့်ဖွံ့ဖြိုးတိုးတက်မှုကိုရရှိနိုင်ရန် ဦးတည်ဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။

**အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ပို့ကုန်ကဏ္ဍအားလုံး၏ ယှဉ်ပြိုင်နိုင်မှုနှင့်လုပ်ငန်း ဆောင်ရွက် နိုင်မှုအပေါ် အကျိုးသက်ရောက်မှုရှိသည့် ကုန်သွယ်မှုအထောက်အကူပြုကဏ္ဍ မဟာဗျူဟာများကိုလည်း ထည့်သွင်းသွားမည်ဖြစ်သည်။** အဆိုပါကဏ္ဍများ၏အထောက်အကူပြုနိုင်သည့် သဘောသဘာဝအရMSMEs လုပ်ငန်းများအတွက်အကျိုးကျေးဇူးရရှိစေနိုင်မည့်အပြင် စီးပွားရေးဝန်းကျင်တစ်ခုလုံးကိုလည်း ခိုင်မာလာ စေရန်ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

**ရွေးချယ်ထားသည့် ဦးစားပေးကဏ္ဍများနှင့် အထောက်အကူပြုကဏ္ဍများအပြင် အမျိုးသားပို့ကုန် မဟာဗျူဟာ၂၀၂၀-၂၀၂၅ တွင်အမျိုးသားပို့ကုန်မဟာဗျူဟာ၂၀၁၅-၂၀၁၉ မှ ကျန်ရှိနေသေးသော ကဏ္ဍများ ကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန်ပံ့ပိုးပေးသွားမည်ဖြစ်သည်။**

## အမျိုးသားပို့ကုန်မဟာဗျူဟာအကောင်အထည်ဖော်မှု

**အမျိုးသားပို့ကုန်မဟာဗျူဟာ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရေးဆွဲခြင်း၊ လုပ်ငန်းတိုးတက်မှုအဆင့်ဆင့်ကိုမပြတ် ခြေရာခံခြင်းနှင့်ပြုပြင် ပြောင်းလဲ မှုများ ဆောင်ရွက်ခြင်းတို့တွင်အဓိကသက်ဆိုင်သည့် သူများပါဝင်၍ ဆောင်ရွက်ခြင်းပင်ဖြစ်သည်။** ဦးစားပေး ကဏ္ဍများကိုမြန်ဆန်စွာ အကောင်အထည်ဖော်ခြင်း၊ ထိရောက်စွာပူးပေါင်းဆောင်ရွက်ခြင်းနှင့်အစိုးရ-ပုဂ္ဂလိကပုံမှန်တွေ့ဆုံဆွေးနွေးခြင်းများသည် အမျိုးသားပို့ကုန်မဟာဗျူဟာကို အောင်မြင်စွာ အရှိန်မြှင့်တင် အကောင်အထည်ဖော်နိုင်ရန်အတွက်အဓိကလိုအပ်သောအချက်များပင်ဖြစ်သည်။

အမျိုးသားပို့ကုန်မဟာဗျူဟာကိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ပို့ကုန်ဆိုင်ရာ ကိစ္စရပ်များကို ထိန်းကျောင်းဆောင်ရွက်နိုင်သည့်ခိုင်မာသည့် အဆင့်မြင့်အုပ်ချုပ်မှု ယန္တရားတစ်ရပ်အပြင် လုပ်ငန်းအဆင့်ဆွေးနွေးပွဲများမှတဆင့် ထိရောက်သည့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ် များနှင့်အတူ**ပိုမိုကောင်းမွန်သောပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်တစ်ရပ်**ပါဝင်သင့်ပါသည်။

ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ကို ခိုင်မာစေမည့်နောက်ထပ်အရေးကြီးသည့်အဆင့်တစ်ဆင့်မှာ အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်မှုတွင် ထိရောက်စွာစီစဉ် ညှိနှိုင်းပူးပေါင်းဆောင်ရွက် ပေးနိုင်ရန်အမျိုးသားပို့ကုန်မဟာဗျူဟာစီမံခန့်ခွဲမှုယူနစ် (NES Management Unit) ကိုထားရှိခြင်း ပင်ဖြစ်သည်။ အမျိုးသားပို့ကုန်မဟာဗျူဟာ စီမံခန့်ခွဲမှုယူနစ်သည် အမျိုးသားပို့ကုန်မဟာဗျူဟာ လုပ်ငန်းစဉ်များကိုခြေရာခံခြင်း၊ အစီရင်ခံတင်ပြခြင်းနှင့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား စီစဉ်ရေးဆွဲ ခြင်းများအတွက် တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။